# နရသုခိဆေးကျမ်းပျို့စစ်တမ်း

ဒေါ်နုနုအေး
လက်ထောက်ကထိက
မြန်မာစာဌာန
တိုင်းရင်းဆေးတက္ကသိုလ်

# နိဒါန်း (Introduction)

- မြန်မာစာပေသည် ပုဂံခေတ်မှစတင်ပေါ်ပေါက်။
- အင်းဝခေတ်နှင့် အင်းဝခေတ်နောက်ပိုင်းမှသာ ပိုမိုကျယ်ပြန့်စွာ ထွန်းကားလာ။
- အင်းဝခေတ်မှ စတင်ပေါ်ထွန်းခဲ့သော ပျို့စာပေသည် ကုန်းဘောင်ခေတ်တိုင်အောင် အမြောက်အများ ပေါ်ထွန်းလျက်ရှိ။
- လောကကြောင်း၊ ဓမ္မကြောင်း၊ ရာဇကြောင်းနှင့် အထွေထွေဗဟုသုတပေးသော ပျို့များဟူ၍ ခွဲခြားနိုင်။
- ကုန်းဘောင်ခေတ်အလယ်ပိုင်းတွင် ဆေးဝါး၊ ဗိန္ဒောတို့ကို ပျို့အဖြစ်ဖွဲ့ဆိုလာသည်ကို ထူးထူးခြားခြား တွေ့ရ။

- ကုန်းဘောင်ခေတ်တွင် ပေါ်ထွန်းခဲ့သော ဆေးကျမ်းပျို့များ အဖြစ် နရသုခိပျို့၊ နယမာလာပျို့၊ နယရာသီပျို့၊ နရတန်ဆောင် ပျို့၊ နရဩသဓပျို့၊ ဓာတုမင်္ဂလာပျို့၊ ဓာတုမင်္ဂလာပျို့သစ်၊ ဓာတုဝိဘာဂဒီပနီပျို့လင်္ကာ၊ အာယုဒီဃာပျို့တို့ကို တွေ့ရ။
- ဆေးကျမ်းများကို ပျို့အဖြစ် ရေးဖွဲ့ရာတွင် နရင်းတွဲသည် ထင်ရှားကာ ကုန်းဘောင်ခေတ် အလယ်ပိုင်းတွင် မှတ်တိုင် တစ်ခုဖြစ်။
- နရသုခိဆေးကျမ်းပျို့ကို ဘိုးတော်ဗဒုံမင်းလက်ထက် သက္ကရာဇ် (၁၁၇၇)ခုနှစ်တွင် အင်းဝမြို့ဝန် မင်းရဲဇေယျကျော်၏ စာရေးတော်ကြီး ဦးကောင်းက ရေးဖွဲ့ခဲ့။

- ပျို့ဟူသော ဝေါဟာရကို ပညာရှင်တို့က အမျိုးမျိုး ဖွင့်ဆိုကြ။
- လှေသင်းအတွင်းဝန် ဦးချိန်က ဝေါဟာရလီနတ္ထ ဒီပနီကျမ်းတွင် -

  မနံ - ပိနေတီတိပျို့၊ ယံကဗျံ - အကြွင်းကဗျာသည်၊

  မနံ - စိတ်ကို၊ ပိနေတိ - နှစ်သက်စေတတ်၏။

  ဣတိ - ထို့ကြောင့်၊

  တံ - ကဗျံ - ထိုကဗျာသည်၊ ပျို့ - ပျို့မည်၏။

  ဟူ၍ နှစ်သက်စေတတ်သောကြောင့် ပျို့ဟုခေါ်ကြောင်း။
- မြန်မာအဘိဓာန်တွင် -

  ပိုဒ်ရေပေါင်းများစွာ ဖွဲ့ဆိုထားသော လေးလုံးစပ် လင်္ကာရှည်တစ်မျိုး

ဟုလည်းကောင်း၊

- မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် -

  သိမှတ်စရာ အကြောင်းအရာများကို အပိုဒ်ရှည် အရေအတွက်များစွာ ဖွဲ့ဆိုထားသော လေးလုံးစပ် လင်္ကာစု

  ဟုလည်းကောင်း ဖွင့်ဆိုထား။

- အထက်ပါဖွင့်ဆိုချက်များအရ နရသုခိသည် လေးလုံးစပ် လင်္ကာဖြင့် အပိုဒ်ရှည်အရေအတွက် များစွာ ဖွဲ့ဆိုထား၍ ဆေးပညာကို ဖွဲ့သော ဆေးကျမ်းပျို့ဖြစ်။

- နရသုခိဆေးကျမ်းပျို့ကို စာပေစစ်တမ်းအနေဖြင့် တင်ပြပါမည်။
- စစ်တမ်းဟူသော စကားလုံး၏ အဓိပ္ပာယ်ကို မြန်မာအဘိဓာန်တွင် -

  မြို့ရွာနယ်ပယ်တို့၏ အုပ်ချုပ်ရေး၊ စီးပွားရေး စသည်တို့ကို စစ်ဆေး၍ မှတ်တမ်းတင်ထားချက်

ဟု ဖော်ပြထား။

- စစ်တမ်းကောက်ခံရခြင်း အဓိကအကြောင်းမှာ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာ အကြောင်းအရာများကို အသေးစိတ်သိရှိစေရန်။
- အုပ်ချုပ်ရေးဆိုင်ရာစစ်တမ်း၊ စီးပွားရေးစစ်တမ်း၊ လူမှုရေး စစ်တမ်းနှင့် စာပေစစ်တမ်းများရှိ။

# ရည်မှန်းချက်/ရည်ရွယ်ချက်များ (Objectives)

၁။ တိုင်းရင်းဆေးပညာဆိုင်ရာ စာပေများကို ရှာဖွေဖော်ထုတ်၍ စနစ်တကျ သုတေသနပြု ဆောင်ရွက်ရန်။

၂။ နရသုခိဆေးကျမ်းပျို့နှင့်ပတ်သက်သည့်အချက်အလက်များကို စုဆောင်းပြီး စစ်တမ်းအဖြစ်ထားရှိရန်။

၃။ တိုင်းရင်းဆေးပညာ စာပေသုတေသန ဖွံ့ဖြိုးတိုးတက်စေရန်။

# လေးနက်သည့် အကျိုးအကြောင်းတင်ပြချက် (Methods)

- ပုံနှိပ်မှု၊ ပေမှု၊ ပုရပိုက်မှု တွေ့ရှိချက်များဖြင့် နရသုခိဆေး ကျမ်းပျို့ကို အစချီပိုဒ်၊ အပိုဒ်ရေ၊ စာပြီးနှစ်(ခုနှစ်၊လ၊ရက်)၊ နိဂုံးပိုဒ် တို့ဖြင့်စစ်တမ်းကောက်။
- ပုံနှိပ်မှု (၇)စောင်တွေ့ရှိ။
- ကျမ်းရင်းမူ (၄)စောင်နှင့် အဖြေကျမ်းမူ (၃)စောင်။
- ကျမ်းရင်းမူများမှာ-
  - အင်္ဂဝိဇ္ဇာနှင့် နရသုခိပါလေးစောင်တွဲခတ်ဆေးကျမ်း။
  - နရင်းတွဲမူရင်းဆေးကျမ်းကြီး တတိယအကြိမ်၊ စတုတ္ထအကြိမ်၊ ပဉ္စမအကြိမ် ပုံနှိပ်မူတို့ဖြစ်။

- အဖြေကျမ်းမူများမှာ -
  - တွံတေးဦးဘိုးမင်း၏ နရသုခိအဓိပ္ပာယ်ကျမ်း။
  - ဗုဒ္ဓနည်းကျ ဩဇာရှိကသုခမဆရာကြီး ဦးအောင်ဒင်၏ နရသုခိအဖြေသစ်ကျမ်း။
  - မိုးနံ ဆရာကြီး ဦးဟန်ထွန်း၊ တိုင်းရင်းဆေးသိပ္ပံ ကျောင်းအုပ်ကြီး(ငြိမ်း)၏ နရသုခိကျမ်းရင်း နှင့် စကားပြေကျမ်း။

# ပုံနှိပ်မှုတို့၏ အစချီပိုဒ်စစ်တမ်း

- အင်္ဂလိပ်ဘာသာနှင့် နရသုခိပါလေးစောင်တွဲ ခါတ်ဆေးကျမ်း၊ နရသုခိကျမ်းရင်းနှင့် စကားပြေကျမ်းတို့တွင် နမောတဿ နှင့် ဘုရားရှင်အား ရှိခိုးပြီး - **"မဟာပရမေ၊ ဂုဏ်မြူတော်ကြောင့်၊ တြေလောက"**ဟု အစချီရေးဖွဲ့ထား။

- နရငါးတွဲမူရင်းဆေးကျမ်းကြီး (၃)စောင်၊ နရသုခိ အဓိပ္ပာယ်ကျမ်းနှင့် နရသုခိအဖြေသစ်ကျမ်းတို့တွင် -
- နမောတဿဖြင့် အစပြုပြီး **"ဝိဘဇ္ဇဝါဒီ သမ္ဗုဒ္ဓံ"** ဟူသော ပါဠိဂါထာဖြင့် နရသုခိကျမ်းကို ရေးသားမည့်အကြောင်း ဝန်ခံထားပြီး **"မဟာပရမေ၊ ဂုဏ်မြတ်တော်ကြောင့်၊ တြေလောက"** ဟု အစချီရေးဖွဲ့ထားး။

# ပုံနှိပ်မှုတို့၏ အပိုဒ်ရေစစ်တမ်း

- အင်္ဂလိပ်စာနှင့်နရသုခိပါလေးစောင်တွဲခါတ်ဆေးကျမ်းနှင့် နရသုခိအဓိပ္ပာယ်ကျမ်းတို့တွင် (၁၀၂)ပိုဒ်။
- နရငါးတွဲမှုရင်းဆေးကျမ်းကြီး(၃)စောင်နှင့် နရသုခိအဖြေသစ်ကျမ်းတို့တွင်မှုလပုဒ်မ-၅၀၊ ပုဒ်စုံရေ-၁၀၀ပိုဒ်။
- နရသုခိကျမ်းရင်းနှင့် စကားပြေကျမ်းတွင် (၁၀၃)ပိုဒ်။

# ပုံနှိပ်မှုတို့၏ စာပြီးနှစ် (ခုနှစ်၊ လ၊ ရက်)စစ်တမ်း

- နရသုခိအဓိပ္ပာယ်ကျမ်းတွင် -

  "ဆေးကုပုံစာ၊ ကျမ်းကဗျာကို၊ ဧယျာသိဒ္ဓိ၊

  အောင်ပွဲချိ၍၊ တိမုဂေါ်ဂေါ်၊ သက္ကရာဇ်ဝယ်၊

  တက်သစ်နေရုံ၊ စက်မေခုန်တည့်၊ နယုန်လတွင်း၊

  နှစ်ရက်ကြွင်းတွင်၊ တနင်္လာနေ့၊ ပြီးစုံစေ၏။"

  ဟု ရေးဖွဲ့ထား။

- ကောဇာသက္ကရာဇ်ကို"တိမုကော်ကော်" ဟုရေးဖွဲ့ထား၍ ဗေဒင်သင်္ချာအရ တိသည် - ၃ ဂဏန်း၊ မုသည်- ၇ ဂဏန်း၊ ကော်သည်- ၁ ဂဏန်း ဖြစ်။
- ပဋ္ဋိလုံနှင့် ပြန်ဆိုလျှင် (၁၁၇၃)ခုနှစ်ဖြစ်။
- မေထုန်ရာသီ၊ နယုန်လပြည့်ကျော် (၂)ရက်၊ တနင်္လာနေ့ တွင် ရေးဖွဲ့ပြီးစီး။

- အခြားပုံနှိပ်မှု (၆)စောင်တွင် စာပြီးနှစ် (ခုနှစ်၊ လ၊ ရက်) တူညီကြောင်း တွေ့ရ။
- ဆေးကုပုံစာ၊ ဘွဲ့ကဗျာကို၊ ဧယျာသိဒ္ဓိ၊ အောင်ပွဲချီသား၊ ပြီးဘိအခါ၊ သာသနာမှု၊ နဝပါဏ၊ ရာမကြန္တာ၊ ကောဇာရောက်လစ်၊ သက္ကရာဇ်မှု၊ ဧကလည်းနှစ်ခု၊ အစပြု၍၊ မုလည်းနှစ်ချက်၊ အဆုံးကွက်မှု၊ စက်ရာသီပြင်၊ ဒွါဒသင်ဝယ်၊ နတ်ရှင်ရဝိန်၊ မိန်သို့ပြောင်းကြွ၊ ရောက်ကာလ၌၊ ဆန်းစတိထိ၊ အဌမီလျင်၊ အညီမယွင်း၊ တနင်္ဂနွေနေ့၊ ပြီးစုံစေ၏။"

- သာသနာတော်နှစ်၊ ကောဇာသက္ကရာဇ်တို့ကို ဗေဒင် သင်္ချာ နည်းဖြင့် အနက်ဝှက်ဖွဲ့ဆိုထား။
- သာသနာတော်နှစ်ကို "နဝါပါဏ၊ ရာမကြန္နာ" ဟု ရေးဖွဲ့ ထား -

  နဝါသည် - ၉ ဂဏန်း၊ ပါဏသည် - ၅ ဂဏန်း၊

  ရာမ သည် - ၃ ဂဏန်း၊ ကြန္နာသည် - ၂ ဂဏန်း

  ပဋိလုံနှင့် ပြန်ဆိုလျှင် (၂၃၅၉)ခုနှစ် ဖြစ်သည်။
- ကောဇာသက္ကရာဇ်ကို “ကေ်လည်းနှစ်ခု၊ မုလည်းနှစ်ချက်" ဟု ရေးဖွဲ့ထား -

  ကေ်သည်- ၁ ဂဏန်း၊ မုသည် - ၇ ဂဏန်း ဖြစ်၍ (၁၁၇၇)ခုနှစ် ဖြစ်သည်။ တပေါင်းလဆန်း (၈)ရက်၊ တနင်္ဂနွေနေ့တွင် ရေးဖွဲ့ ပြီးစီး။
- ပုံနှိပ်မှု (၇)စောင်လုံးတွင် နိဂုံးပိုဒ် (၂)ပိုဒ်ပါရှိ။

- နရသုခိဆေးကျမ်းပျို့ ပေမူ၊ ပုရပိုက်မူ (၆)စောင်တွေ့ရ။
- ပေမူ (၂)စောင်၊ ပုရပိုက်မူ (၁)စောင်၊ ပေမူမှ ကူးရေးထားသော လက်ရေးမူ (၃)စောင်။
- ပေမူနှင့် လက်ရေးမူတို့မှာ ရန်ကုန်မြို့၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ဖြစ်ပြီး ပုရပိုက်မူမှာ မန္တလေးတက္ကသိုလ်၊ စာကြည့်တိုက်မှ ဖြစ်။
- တိုက်ပိုင်အမှတ် (၆၉၃၁) နရသုခိပျို့နှင့် နရတန်ဆောင်ပေမူ၊
- တိုက်ပိုင်အမှတ်(၈၀၂၆)နရသုခိဆေးကျမ်းလင်္ကာနှင့် အင်္ဂဝိဇ္ဇာကျမ်းပေမူ။

- ပေမူမှ လက်ရေးမူသို့ ကူးရေးထားသည့် တိုက်ပိုင်အမှတ် (၁၇၃၆) နရသုခိဆေးကျမ်းလင်္ကာ။
- တိုက်ပိုင်အမှတ် (၁၆၀၂) (တောင်တွင်းကြီး) နရသုခိကျမ်း။
- တိုက်ပိုင်အမှတ် (၁၈၆၄) (တောင်တွင်းကြီး) နရသုခိကျမ်း။
- တိုက်ပိုင်အမှတ် (ပု-၃၈၉) နရသုခိဆေးကျမ်း။

# ပေမူ၊ ပုရပိုက်မူတို့၏ အစချီပိုဒ်စစ်တမ်း

- တိုက်ပိုင်အမှတ် - ၆၉၃၁၊ ၈၀၂၆၊ ၁၇၃၆၊ ပု-၃၈၉ တို့တွင် နမောတဿနှင့် ဘုရားရှိခိုးပြီးနောက်

  "မဟာပရမေ၊ ဂုဏ်မြတ်တော်ကြောင့်၊ တရေလောက" ဟု အစချီရေးဖွဲ့ထား။

- တိုက်ပိုင်အမှတ် (၁၆၀၂ ၊ ၁၈၆၄ )တို့တွင် နမောတဿ၊ ဓေယျတု တို့ဖြင့် အစပြု၍ "ဝိဘဇ္ဇဝါဒီ၊ သမ္ဗုဒ္ဓံ" ဟူသော ပါဠိဂါထာဖြင့် ရှိခိုးဝန်ခံပြီး

  "မဟာပရမေ၊ ဂုဏ်မြတ်တော်ကြောင့်" လင်္ကာဖြင့် အစချီ ရေးဖွဲ့ထား။

# ပေမူ၊ ပုရပိုက်မူတို့၏ အပိုဒ်ရေ စစ်တမ်း

- တိုက်ပိုင်အမှတ် - ၆၉၃၁ တွင် (၈၉)ပိုဒ်
- တိုက်ပိုင်အမှတ် - ၈၀၂၆ တွင် (၈၄)ပိုဒ်
- တိုက်ပိုင်အမှတ် - ၁၇၃၆ တွင် (၉၈)ပိုဒ်
- တိုက်ပိုင်အမှတ် - ၁၆၀၂ နှင့် ၁၈၆၄ တွင် (၁၀၂)ပိုဒ်
- တိုက်ပိုင်အမှတ် - ပု-၃၈၉ အပိုဒ်ရေ မသိရ။

# ပေမူတို့၏ စာပြီးနှစ် (ခုနှစ်၊ လ၊ ရက်) စစ်တမ်း

- တိုက်ပိုင်အမှတ် - ၆၉၃၁ နှင့် ၈၀၂၆ တွင် -

  သာသနာတော်နှစ် (၂၃၅၉)ခုနှစ်၊ ကောဇာသက္ကရာဇ် (၁၁၇၇)ခုနှစ်၊ တပေါင်းလဆန်း (၈)ရက်၊ တနင်္ဂနွေနေ့ တွင် ရေးဖွဲ့ပြီးစီး။

- တိုက်ပိုင်အမှတ် - ၁၇၃၆ တွင် -

  "ပြီးဘိအခါ၊ နှစ်ကောဇာမှူ၊ သင်္ချာတြိ၊ မဏိကော်ကော်၊
  အာနရက်ကား၊ တက်တက်အာရုံ၊ စက်မေဇုံတည့်၊
  နယုန်လတွင်း၊ နှစ်ရက်ကြွင်းဝယ်၊ ၂လင်္ာနေ့၊ ပြီးစုံစေ၏။"

ဟုလည်းကောင်း။

- တိုက်ပိုင်အမှတ် - ၁၆၀၂ တွင်

  "တိမအစ်အစ်၊ သက္ကရာဇ်ဝယ်၊ တက်သစ်နေရှုံ၊ စက်မေမုံတဥ္စ၊ ကဆုန်လတွင်၊ ပြည့်ကျော်ကိုးရက်၊ သောကြာရက်တွင်၊ ပြီးသည်ယနေ့" ဟုလည်းကောင်း၊

- တိုက်ပိုင်အမှတ် - ၁၈၆၄ တွင်

  "တိမုအစ်အစ်၊ သက္ကရာဇ်ဝယ်၊ တက်သစ်နေရှုဏ်၊ စက်မေမုံတဥ္စ၊ နယုန်လတွင်း၊ ခုနစ်ရက် ကြွင်းဝယ်၊ တနင်္လာနေ့၊ ပြီးစုံစေ့သည်။"

ဟု ရေးဖွဲ့ထား။

- စာပြီးသည့်ခုနှစ်မှာ "သင်္ချိုင်္ဂြ မဏာကိုကော်ကော်"
- "တိမအစ်အစ်"၊ "တိမုအစ်အစ်" ဟု ဖော်ပြထား၍ ဗေဒင်သင်္ချာအရ (၁၁၇၃)ခုနှစ် ဖြစ်။
- လနှင့်ရက်မှာ နယုန်လပြည့်ကျော် (၂)ရက်၊ တနင်္လာနေ့၊ ကဆုန်လပြည့်ကျော်(၉)ရက်၊သောကြာနေ့၊ နယုန်လပြည့်ကျော် (၇)ရက်နေ့ တနင်္လာနေ့ ဟု ဖော်ပြထား
- ပေမူ (၅)စောင်တွင် နိဂုံးပိုဒ် (၂)ပိုဒ်စီပါရှိ။
- တိုက်ပိုင်အမှတ် ပု-၃၈၉ ပုရပိုက်မူတွင် အပိုဒ်ရေ၊ စာပြီးနှစ်၊ နိဂုံးပိုဒ်တို့ ပြည့်စုံစွာ မပါရှိ။

# တွေ့ရှိချက်နှင့် ဆွေးနွေးသုံးသပ်ချက်များ (Findings & Discussions)

- ပုံနှိပ်မှု၊ ပေမူ တွေ့ရှိချက်စစ်တမ်းအရ ဗုဒ္ဓဘာသာဝင်တို့သည် မိမိတို့ အထွတ်အမြတ်ထားရာ ဘုရားရှင်အား ရှိခိုးပြီးမှ လုပ်ဆောင်စရာရှိသည်ကို လုပ်ဆောင်သည့် အလေ့အရ နမောတဿဖြင့် ရှိခိုးပြီးမှ နရသုခိဆေးကျမ်းပျို့ကို ရေးဖွဲ့ကြောင်း တွေ့ရ။
- ပုံနှိပ်မှု (၅)စောင်နှင့် ပေမူ(၂)စောင်တွင် နရသုခိဆေးကျမ်းပျို့ကို ရေးသားမည့်အကြောင်း ဝန်ခံသည့် ပဋိညာဉ်ပါရှိကြောင်း တွေ့ရ။

- ပုံနှိပ်မှုနှင့် ပေမူတို့တွင် အစချီပိုဒ်နှင့် နိဂုံးပိုဒ် တူညီကြောင်း တွေ့ရှိရ။
- ပုံနှိပ်မှုနှင့် ပေမူတို့တွင် အပိုဒ်ရေ ကွဲလွဲမှုရှိကြောင်း တွေ့ရှိရ။
- ပုံနှိပ်မှု (၆)စောင်နှင့် တိုက်ပိုင်အမှတ် - ၆၉၃၁၊ ၈၀၂၆ ပေမူတို့တွင် စာပြီးသည့် ခုနှစ်၊ လ၊ ရက် တူညီကြောင်း တွေ့ရ။

- နရသုခိအဓိပ္ပာယ်ကျမ်းနှင့် တိုက်ပိုင်အမှတ် ၁၇၃၆၊ ၁၆၀၂၊ ၁၈၆၄ ပေမူတို့တွင် စာပြီးနှစ် တူညီသော်လည်း လနှင့်ရက်မှာ ကွဲလွဲနေကြောင်း တွေ့ရ။
- ပုံနှိပ်မူ၊ ပေမူတို့တွင် အစချီပိုဒ်၊ နိဂုံးပိုဒ် တူညီမှုရှိပြီး အပိုဒ်ရေနှင့် စာပြီးနှစ် (ခုနှစ်၊ လ၊ ရက်) ကွဲလွဲနေ၍ အပိုဒ်ရေနှင့် စာပြီးနှစ်ကို ပြန်လည်စိစစ်ပြီး ဆေးကျမ်းပျို့ကျမ်းရင်းသည် မည်သည့်မူဖြစ်သည်ကို ဖော်ထုတ်သင့်သည်ဟု ဆွေးနွေး သုံးသပ်လိုပါသည်။

# အကြံပြုခြင်း (Suggestion)

- နရသုခိဆေးကျမ်းပျို့မှုရင်းကိုဖော်ထုတ်ပြီး နရငါးတွဲတွင် ပါဝင်သော ကျန်သောနရလေးတွဲနှင့် ရှေးဟောင်းဆေးကျမ်းများကို စစ်တမ်းကောက်ယူ စိစစ်သင့်ကြောင်း စာပေသုတေသနရှုထောင့်မှ အကြံပြုတင်ပြအပ်ပါသည်။

# ကျေးဇူးတင်လွှာ

- ဒဿမအကြိမ်တိုင်းရင်းဆေးသုတေသနစာတမ်းဖတ်ပွဲ ဖြစ်မြောက်အောင် ဆောင်ရွက်ပေးပါသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှပြည်ထောင်စုဝန်ကြီး၊
- တိုင်းရင်းဆေးပညာဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ် ဒေါက်တာမိုးဆွေ၊တိုင်းရင်းဆေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ပါမောက္ခဒေါက်တာသိန်းဇော်လင်းနှင့် ဒုတိယပါမောက္ခချုပ်များ၊
- တိုင်းရင်းဆေးပညာသုတေသနစာတမ်း စိစစ်ရွေးချယ်ရေးအဖွဲ့။

- ဤစာတမ်းအတွက်လိုအပ်သည်များကိုညွှန်ကြားပေးပါသော တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်ဆရာကြီး ဦးဝထွန်း၊ ရတနာပုံတက္ကသိုလ် ၊မြန်မာစာဌာနမှ ပါမောက္ခ/ဌာနမှူး(ငြိမ်း)ဆရာကြီး ဦးစန်းနိုင်၊
- ဤစာတမ်းဖြစ်မြောက်အောင်အားပေးကူညီသော လှိုင်ကော်မြို့၊ ခုတင်(၅၀)ဆံ့တိုင်းရင်းဆေးရုံမှ ဆရာ ဦးဇော်မင်းနှင့်တကွအဖက်ဖက်မှဝိုင်းဝန်းကူညီကြသူအားလုံး ကို ကျေးဇူးအထူး တင်ရှိပါသည်။

# ကျမ်းကိုးအညွှန်းများ (References)


- ရှေးပညာရှိများ။ ၁၂၈၂။ အင်္ဂဝိဇ္ဇာနှင့် နရသုခိပါလေးစောင်တွဲ ခတ်ဆေးကျမ်း။ ရန်ကုန်မြို့၊ မင်္ဂလာတိုင်းစာပုံနှိပ်တိုက်။
- ကောင်း၊ ဦး (ဝန်စာရေးတော်မင်း)။ ၁၃၁၉။ နရင်းတွဲ မူရင်းဆေးကျမ်းကြီး။ တတိယအကြိမ်၊ မန္တလေးမြို့၊ ရတနာဒီပံပိဋကတ်ပုံနှိပ်တိုက်။
- ကောင်း၊ ဦး (ဝန်စာရေးတော်မင်း)။ ၁၃၂၄။ နရင်းတွဲ မူရင်းဆေးကျမ်းကြီး။ စတုတ္ထအကြိမ်၊ မန္တလေးမြို့၊ ရတနာဒီပံပိဋကတ်ပုံနှိပ်တိုက်။

- ကောင်း၊ ဦး (ဝန်စာရေးတော်မင်း)။ ၁၃၃၂။ နရင်းတွဲ မူရင်းဆေးကျမ်းကြီး။ ပဉ္စမအကြိမ်၊ မန္တလေးမြို့၊ ရတနာဒီပံ ပိဋကတ်ပုံနှိပ်တိုက်။
- ဘိုးမင်း၊ ဦး (တံတေး)။ ၂၀၀၀။ နရသုခိအခိပ္ပာယ်။ ဒသမအကြိမ်၊ ရန်ကုန်မြို့၊ တိုးစာပုံနှိပ်တိုက်။
- အောင်ဒင်၊ ဦး (ဆရာကြီး)။ ၁၉၇၄။ နရသုခိအဖြေသစ်ကျမ်း။ ရန်ကုန်မြို့၊ ထွန်းသီရိပုံနှိပ်တိုက်။
- ဟန်ထွန်း၊ ဦး (ဆရာကြီး)။ ၂၀၁၀။ နရသုခိကျမ်းရင်းနှင့် စကားပြေကျမ်း။ မန္တလေးမြို့၊ ပြည့်စုံအောင်အော့ဖ်ဆက်။

- နတ်ရှင်၊ ဒဂုန်။ ၁၉၈၃။ မြန်မာ့ရိုးရာကိန်းဂဏန်းသင်္ချာ။ ရန်ကုန်မြို့၊ စာပေဗိမာန်ပုံနှိပ်တိုက်။
- မြန်မာစာအဖွဲ့။ ၂၀၀၈။ မြန်မာအဘိဓာန်။ ရန်ကုန်မြို့၊ နေလင်းပုံနှိပ်တိုက်။
- မြန်မာစာအဖွဲ့။ ၁၉၇၉။ မြန်မာအဘိဓာန်အကျဉ်းချုပ်။ တွဲ-၃၊ ရန်ကုန်မြို့၊ ဖိုတိုလစ်သိုပုံနှိပ်တိုက်။
- လှသမိန်။ ၁၉၆၆။ မြန်မာစာပေစစ်တမ်း၊ တွဲ-၁ (ပျို့နှင့် လင်္ကာများ)။ ရန်ကုန်မြို့၊ ရွှေးဟောင်းစာပေနှင့် ယဉ်ကျေးမှုဌာနစု။

- မဟာဇေယျသင်္ချာ(လေ့သင်းအတွင်းဝန်)။၁၉၆၃။ ဝေါဟာရလီနတ္ထဒီပနီ။ဒုတိယအကြိမ်။ရန်ကုန်မြို့၊ ဟံသာဝတီပုံနှိပ်တိုက်။
- ရန်ကုန်မြို့၊ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ ပေမူများ။
- မန္တလေးတက္ကသိုလ်စာကြည့်တိုက်မှ ပုရပိုက်မူ (၁)စောင်။
- သန်း၊ ဦး။ ၁၉၇၄။ မြန်မာပျို့များ၏ခရီးစဉ်။ တက္ကသိုလ်ပညာပဒေသာစာစောင်၊ အတွဲ-၉၊ အပိုင်း-၂၊ ၈၁-၉၀။
- သရဖီသင်းသင်းမြင့်၊မ။ ၂၀၁၀။ ဆေးကျမ်းပျို့နှိုင်းပါစာဆိုတို့အကြောင်း။ ပါရဂူကျမ်းပြု (မြန်မာစာ) အကဲဖြတ်စာတမ်း။ ရန်ကုန်တက္ကသိုလ်၊ မြန်မာစာဌာန။


နရသုခိဆေးကျမ်း




သုတ်မှတ်စု






ပလ္လင်တိုင်
ရွှေမျဉ်းပေ
ပေစာများ-Palm Leaf Manuscripts

# ကျေးဇူးတင်ပါတယ်ရှင်...



